myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

August 26, 2019 Volume 22, Number 17

**၂၆.၈.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၄၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၄၅၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၄/ကျပ် |
| CBM Rate | = ၁၅၁၆.၈/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၅.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၃.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၅၆.၆ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၃၂.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၅.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၂.၂၄ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၀၈၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၄.၉၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၀.၈၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၅၇၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု ယခုနှစ်ဝက်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံတိုးတက်ခဲ့



မြန်မာနိုင်ငံအတွင်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၁၈ ခုနှစ်အထက် ယခုနှစ်နှစ်ဝက်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ ရာခိုင်နှုန်းအားဖြင့် ၇၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဩဂုတ် ၂၀ ရက် က နိုဗိုတယ်ဟိုတယ်၌ကျင်းပခဲ့သော တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်လာစေရေးအတွက် မြန်မာ-ဂျပန်-အမေရိကန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားရေး ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ကပြောဆိုသည်။ မြန်မာနိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုကဏ္ဍ အဆင်ပြေလွယ်ကူချောမွေ့စေဖို့အတွက် ဖြေလျှော့ပေးတာ၊ အွန်လိုင်းနဲ့ ကုမ္ပဏီမှတ်ပုံတင်စနစ် (MYCO) စတဲ့ ပြုပြင်ပြောင်းလဲမှုတွေကိုဆောင်ရွက်ခဲ့ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကိုလည်း အစီအစဉ်တကျဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိသီလဝါ အထူးစီးပွားရေးဇုန်မှာ ကုမ္ပဏီပေါင်း ၁၀၈ ခုကျော် ရင်းနှီးမြှုပ်နှံလျက်ရှိပြီး ကုမ္ပဏီထက်ဝက်ကျော်က ဂျပန်ကုမ္ပဏီတွေဖြစ်ပါတယ်။ ဂျပန်နိုင်ငံက မော်တော်ကားထုတ်လုပ်တဲ့ Suzuki နဲ့ Toyota တို့အပြင် Yakult Probiotic Drink လုပ်ငန်းလည်းပါဝင်ပါတယ်ဟု ဦးသောင်းထွန်းကပြောဆိုခဲ့သည်။

ထို့ပြင် အမေရိကန်နိုင်ငံမှ General Electric Chevsron နှင့် Ford ကုမ္ပဏီများ မှ ရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံအတွက် လိုအပ်သည့်အရည်အသွေးရှိပြီး တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများဖြစ်သည်။ အမေရိကန်နိုင်ငံ Overseas Private Investment Corporation မှ မြန်မာနိုင်ငံ၏ အကြီးဆုံး ဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Apollo Towers ကုမ္ပဏီမှတစ်ဆင့် မြန်မာ့ဆက်သွယ်ရေးအတွက် လိုအပ်လျက်ရှိသည့် တာဝါတိုင်ပေါင်း ၁၈၀၀ ကျော်ကို ရင်းနှီးမြှုပ်နှံခဲ့သည်။

မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုများမှာ ၂၀၁၉ ခုနှစ် ဇူလိုင်လကုန်အထိ ဂျပန်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံနှင့် အမေရိကန်နိုင်ငံက ဒေါ်လာ ၄၃၂ ဒသမ ၇၉၆ သန်းရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရသိရသည်။ မြန်မာ-ဂျပန်-အမေရိကန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ အလားအလာကောင်းများ သိရှိနိုင်ရန်နှင့် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ရန် ရည်ရွယ်ပြု လုပ်ခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/127402.html

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ဆော်ဒီအာရေးဘီးယား အာဏာပိုင်များ၏ ဆန်တင်သွင်းမှု စံနှုန်းသတ်မှတ်ချက်များအပေါ် သက်သာခွင့်ရရှိရေး အိန္ဒိယဆန်တင်ပို့သူများ စိုးရိမ်လျက်ရှိ

ဆော်ဒီအာရေးဘီးယားနိုင်ငံ အစားအစာနှင့်ဆေးဝါး အာဏာပိုင်အဖွဲ့ (Saudi Food and Drug Authority–SFDA )သည် ဘာစမာတီဆန်များအား တင်သွင်းခွင့်ပြုရာတွင် ဆန်တင်ပို့သူ၏ အသေးစိတ်အချက်အလက်များ ဖော်ပြပါရှိရမည့် ကုန်အညွှန်း အမှတ်အသားနှင့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းမှ အတည်ပြုထားသည့် ဓာတ်ခွဲခန်းများက တင်ပို့သည့် ကုန်စည်အပေါ် ပိုးသတ်ဆေး ဓာတ်ကြွင်းစစ်ဆေးမှု သက်သေခံချက်စသည်တို့အပါအဝင် အိန္ဒိယနိုင်ငံမှ ဆန်တင်ပို့သူများလိုက်နာရမည့် လမ်းညွှန်ချက် (Guideline) ၆ ရပ်ကို ယခုနှစ် ဇူလိုင်လ၌ချမှတ်ခဲ့ရာ ၎င်းအချက်များအပေါ် သက်သာခွင့်ပြု ထားသည့်ကာလမှာ ကုန်ဆုံးတော့မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ဆော်ဒီအာရေးဘီးယားနိုင်ငံသို့ ဆန်တင်ပို့ရာတွင် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များသည် အထူးသဖြင့်ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု ကန့်သတ်ချက်ဆိုင်ရာ အရည်အသွေးကိုက်ညီမှုရှိကြောင်း သက်သေခံလက်မှတ်(Certificate of Conformity) အား သက်ဆိုင်ရာအာဏာပိုင် အသိအမှတ်ပြုဓာတ်ခွဲခန်းများမှရယူခြင်း၊ SFDA က ကောင်းမွန်သော စိုက်ပျိုးထုတ်လုပ်မှုကျင့်စဉ်(GAP)နှင့် ကိုက်ညီကြောင်း အသိအမှတ်ပြုထားပြီးဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများထံမှ ဝယ်ယူစုစည်းတင်ပို့မှုဖြစ်ကြောင်း တင်ပြခြင်း၊ ဘာစမာတီဆန် အစစ်အမှန်ဖြစ်ကြောင်း DNA စစ်ဆေးချက် ရယူတင်ပြခြင်း စသည့်လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်မည် ဖြစ်ပါသည်။ အိန္ဒိယမှ တင်ပို့သည့် ဘာစမာတီဆန်များတွင် အခြားဆန်မျိုးကွဲများ ပါဝင်မှုများပြားသဖြင့် SFDA က ပို့ကုန်အုပ်စု (Consignment) တိုင်းတွင် ဘာစမာတီဆန်ပါဝင်မှု ၉၃% ရှိရမည်ဖြစ်ကြောင်းလည်းသတ်မှတ်ခဲ့ပါသည်။ သို့ရာတွင် အိန္ဒိယကုန်သည်များဘက်ကမူ ဘာစမာတီဆန်ပါဝင်မှု ၈၅ % သတ်မှတ်ရန် လိုလားလျက်ရှိကြသည်။ ဤလုပ်ငန်းစဉ်များ ဆောင်ရွက်ရပါက အိန္ဒိယ ကုန်သည်များအတွက် လုပ်ငန်းအဆင့်များပြားလျက် ကုန်ကျစရိတ်ပိုမိုလာမည်ဖြစ်ပြီး အခြားသော ဆန်တင်ပို့သည့်နိုင်ငံများနှင့် ဈေးနှုန်းအရ ပြိုင်ဆိုင်ရမှုမြင့်တက်လာခြင်းကို ကြုံတွေ့လာရနိုင်ပါသည်။ အိန္ဒိယနိုင်ငံအနေဖြင့် ဘာစမာတီဆန် ပြည်ပတင်ပို့ရာတွင် ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၌ တန်ချိန် ၄.၄၁၄ သန်း၊ တန်ဖိုးအားဖြင့် ဒေါ်လာ ၄.၇၁၂ ဘီလီယံ ကျော်ရှိပြီး ဆော်ဒီအာရေးဘီးယားနိုင်ငံသို့ တင်ပို့မှုမှာ ဒေါ်လာ ၉၃၈.၉၁ သန်း (စုစုပေါင်းတင်ပို့မှု၏ ၂၀%)ခန့်ရှိပါသည်။

ဆော်ဒီအာရေးဘီးယားနိုင်ငံမှ သတ်မှတ်လိုက်သည့် ဘာစမာတီဆန်တင်သွင်းမှု လုပ်ငန်းလမ်းညွှန်ချက်များနှင့် စပ်လျဉ်း၍ အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနလက်အောက်ရှိ လယ်ယာထွက်ကုန်နှင့် ပြုပြင်ပြီး စားသောက်ကုန်များ ပြည်ပတင်ပို့မှုဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့ (APEDA) သည် ၁၀.၈.၂၀၁၉ နေ့၌ ပြည်တွင်းရှိ ဆန်တင်ပို့သည့်လုပ်ငန်းရှင်များနှင့် အစည်းအဝေးပြုလုပ်ပြီး ၎င်းလမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်ရန်လိုအပ်သည့် အချိန်ကာလအားတိုးမြှင့်ပေးရေး SFDA သို့ ညှိနှိုင်းရန် ဆုံးဖြတ်ခဲ့ကြောင်းသိရှိရပါသည်။ သို့ဖြစ်၍ APEDA ဦးဆောင်လျက် အိန္ဒိယဆန်တင်ပို့မှု လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များပါဝင်သော ကုန်သွယ်မှုညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့တစ်ရပ်သည် ဩဂုတ်လ စတုတ္ထပတ်အတွင်း ဆော်ဒီအာရေးဘီးယားနိုင်ငံသို့ သွားရောက်ဖွယ်ရာ ရှိပါသည်။ အိန္ဒိယရှိ ဆန်တင်ပို့သူအချို့က SFDA ၏လမ်းညွှန်ချက်ပါ ပိုးသတ်ဆေးဓာတ်ကြွင်းစစ်ဆေးမှု သက်သေခံချက်တင်ပြရေးမှာ မည်သည့်ပိုးသတ်ဆေးအား စစ်ဆေးပေးရမည်ကို ဖော်ပြထားခြင်းမရှိသကဲ့သို့ ကုန်အညွှန်းအမှတ်အသား ဖော်ပြရေး သည်လည်း ဆော်ဒီအာရေးဘီးယားရှိ သွင်းကုန်လုပ်ငန်းရှင်မှ ဆောင်ရွက်ရမည့်ကိစ္စရပ်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၌ လယ်ယာလုပ်ငန်းခွင်၏ အရွယ်အစားမှာ အနောက်နိုင်ငံများနှင့်မတူညီပဲ ကွဲပြားခြားနားမှု ကြီးမားပြီး အများစုသည် လုပ်ငန်း ပမာဏသေးငယ်သည့် လယ်ယာလုပ်ကိုင်သူများဖြစ်ကြောင်း၊ ပြည်ပရှိ အဖွဲ့အစည်းတစ်ရပ်ထံမှ အသိအမှတ်ပြုလက်မှတ် ရယူလျက် စိုက်ပျိုးထုတ်လုပ်ရေးမှာ အိန္ဒိယလယ်သမားများအတွက် ခက်ခဲကြောင်းပြောဆိုလျက်ရှိပါသည်။ ဆန်တင်သွင်းသည့် အခြားသော အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် အီရန်နိုင်ငံနှင့် ကုန်သွယ်ဆက်ဆံမှုပြုခြင်းများအပေါ် အမေရိကန် နိုင်ငံ၏ဖိအားပေးမှုများ မြင့်မားနေချိန်တွင် SFDA ၏ ဆန်တင်သွင်းမှု စံနှုန်းသတ်မှတ်ချက်များမှ သက်သာခွင့်ရရှိရေးမှာ အိန္ဒိယနိုင်ငံအတွက် အလေးထားညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်ဖြစ်ကြောင်း သုံးသပ်ရပါသည်။

**Source: စီးပွားရေးသံမှူး-နယူးဒေလီမြို့**

## ရေလွှမ်းမိုးမှုများက အိန္ဒိယ၏ အချို့သောမုတ်သုံရာသီသီးနှံများ ထုတ်လုပ်မှုကိုလျော့ကျစေဖွယ်ရာရှိ

အိန္ဒိယနိုင်ငံ၌ ယခုနှစ် မုတ်သုံဝင်ရောက်မှုနောက်ကျပြီး မိုးဦးကာလ၌ မိုးရေချိန်ရရှိမှု နည်းပါးခဲ့သော်လည်း ဩဂုတ်လဆန်းပိုင်းမှစတင်၍ မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုများကြောင့် သီးနှံစိုက်ခင်းများ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်လျက်ရှိပါသည်။ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှ ၁၉ ရက်နေ့အထိ နိုင်ငံတဝှန်း မိုးရွာသွန်းမှုမှာ ပျမ်းမျှရွာသွန်းမြဲ၏ သုံးပုံတစ်ပုံခန့် ပိုမိုခဲ့ပြီး နိုင်ငံ၏ အနောက်ပိုင်း၊ အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် နေရာကွက်၍မိုးကြီးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ နိုင်ငံအနောက်ပိုင်းရှိ Maharashtra ပြည်နယ်နှင့် Karnataka ပြည်နယ်တို့တွင် ကြံစိုက်ခင်းများ

နစ်မြုပ်ပျက်စီးမှုရှိပြီး သစ်သီးဝလံဟင်းသီးဟင်းရွက်နှင့် နနွင်းစိုက်ခင်းများလည်း ထိခိုက်ပျက်စီးခဲ့ကြောင်း၊ နိုင်ငံမြောက်ပိုင်းရှိ ပန်းသီးစိုက်ခင်းများတွင်လည်း ခူးဆွတ်ချိန်မတိုင်မီ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထိခိုက်မှုများဖြစ်ပေါ်ကြောင်း၊ အလားတူ နိုင်ငံအနောက်ပိုင်းနှင့် အလယ်ပိုင်းရှိ ဆီထွက်သီးနှံနှင့် ဝါဂွမ်းစိုက်ခင်းများသည်လည်း ရေလွှမ်းမိုးမှုများနှင့် ကြုံတွေ့ရကြောင်း သိရှိရပါသည်။ Maharashtra ပြည်နယ်စိုက်ပျိုးရေးဌာနမှ ကနဦးခန့်မှန်းချက် ထုတ်ပြန်မှုအရ ယခုနှစ်မိုးရာသီ၌ ကြံ၊ နနွင်းနှင့် အခြားသစ်သီးဝလံဟင်းသီးဟင်းရွက် စိုက်ပျိုးမှုဧရိယာ ဟက်တာ ၄.၁၇ သိန်းခန့် ရေလွှမ်းမိုးခံခဲ့ရကြောင်း၊ အထူးသဖြင့် Kolhapur, Sangli နှင့်  Satara ခရိုင်များရှိ စိုက်ခင်းထက်ဝက်ကျော်မှာ ရေနစ်မြုပ်ပျက်စီးခဲ့ကြောင်း သိရှိရပါသည်။ Karnataka ပြည်နယ်စိုက်ပျိုးရေးဌာနမှ ခရိုင် ၂၂ ခု၌ သီးနှံစိုက်ခင်း ဧရိယာ ဟက်တာ ၇ သိန်းခန့် ရေနစ်မြုပ်ပြီး ကြံစိုက်ဧရိယာ ဟက်တာ ၁.၂၁ သိန်းခန့်ပါဝင်ကြောင်း ကနဦးခန့်မှန်းလျက်ရှိပြီး ပြည်နယ်ကြံစိုက်တောင်သူများအသင်းကမူ ထိခိုက်ပျက်စီးမှုမှာ ဟက်တာ ၂ သိန်းအထိရှိနိုင်ကြောင်း ပြောဆိုလျက်ရှိပါသည်။ ၎င်းပြည်နယ် ၂ ခု၌ ရေကြီးရေလျှံ မှုကြောင့် ထိခိုက်မှုရှိသော အခြားသီးနှံများမှာ ပဲပုတ်၊ ပြောင်း၊ နှံစားပြောင်း၊ ဝါဂွမ်း၊ ကြက်သွန်နီ၊ ပဲစင်းငုံ၊ အာလူး စသည်တို့ဖြစ်ကြသည်။ အိန္ဒိယနိုင်ငံ၏ ယခုနှစ် ကြံစိုက်ပျိုး ရာသီ၌ မုတ်သုံဝင်ရောက်မှုနောက်ကျမှုကြောင့် စိုက်ပျိုးမှုဧရိယာမှာ ယခင်နှစ်ကထက် ၂၈% လျော့နည်းခဲ့ပြီး ယခုစိုက်ခင်းများ ရေကြီးနစ်မြုပ်မှုကြောင့် သကြားထုတ်လုပ်နိုင်မည့် ပမာဏမှာ ထပ်မံလျော့ကျဖွယ်ရာ ရှိပါသည်။ Maharashtra ပြည်နယ်၊ Kolhapur ဒေသခံ သကြားစက်လုပ်ငန်းရှင်များက လာမည့်သကြားထုတ်လုပ်မှုရာသီတွင် ကုန်ကြမ်းပြတ်လပ်မှုကို ကြုံတွေ့ရနိုင်ကြောင်း၊ စိုက်ခင်းများ ရေလွှမ်းမိုးခံရသည့် ကြံစိုက်တောင်သူများအနေဖြင့် တစ်ဧကလျှင် ရူပီးငွေ ၃၀၀၀၀ ခန့် ဆုံးရှုံးမှုရှိနိုင်ကြောင်း ပြောဆိုလျက်ရှိပါသည်။ သို့ရာတွင် အိန္ဒိယ သကြားစက်လုပ်ငန်းရှင်များ အသင်းကမူ ကြံစိုက်ပျိုးသည့် အဓိကပြည်နယ်နှစ်ခု၌ ရေလွှမ်းမိုးမှုကြုံတွေ့ရသော်လည်း လာမည့်သကြားထုတ်လုပ်မှု ရာသီကာလတွင် ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ထိခိုက်မှုမရှိနိုင်ကြောင်းပြောကြား ပါသည်။

အိန္ဒိယနိုင်ငံ၏မြောက်ပိုင်းရှိ Punjab ပြည်နယ်ရှိ ခရိုင် ၁၃ ခုတွင် ဩဂုတ်လ ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်တာ မိုးသည်းထန်စွာရွာသွန်းမှုက သီးနှံစိုက်ခင်း ဟက်တာ ၅၂၀၀၀ ကျော်ကို ရေနစ်မြုပ်စေခဲ့ကြောင်း၊ စပါး၊ ပြောင်း၊ ဝါဂွမ်းနှင့် ဟင်းသီးဟင်းရွက် စိုက်ခင်းများ ပျက်စီးမှုသည် တန်ဖိုးအားဖြင့် ရူပီးငွေ ၁၇ ဘီလီယံခန့် ဆုံးရှုံးမှုဖြစ်ပေါ် စေခဲ့ကြောင်း၊ သို့ဖြစ်၍ ဗဟိုအစိုးရမှ ရူပီးငွေ ၁၀ ဘီလီယံ ထောက်ပံ့ပေးရန် Punjab ပြည်နယ်ဝန်ကြီးချုပ်က ဩဂုတ်လ ၂၁ ရက်နေ့တွင် တောင်းဆိုထားကြောင်း သိရှိရပါသည်။ အလယ်ပိုင်းဒေသဖြစ်သော Andhra Pradesh ပြည်နယ်တွင်မူ Krishna မြစ်ရေလျှံတက်မှုကြောင့် မြစ်ဝကျွန်းပေါ်ဒေသ Guntur ခရိုင်၌ ငှက်ပျော၊ ပြောင်း၊ နနွင်း၊ ငရုတ် စသည့် သစ်သီးဝလံဟင်းသီးဟင်းရွက် စိုက်ခင်း ဟက်တာ ၁၂၀၀၀ ခန့် ရေနစ်မြုပ်ပျက်စီးခဲ့ပါသည်။ နိုင်ငံ၏အရှေ့ဘက်ခြမ်း Bihar, West Bengal, Assam နှင့် Odisha ဒေသများ၌ စပါးစိုက်ခင်းများ ရေနစ်မြုပ်မှုရှိသော်လည်း ပျိုးပင်အသစ်များဖြင့် ပြန်လည်အစားထိုးစိုက်ပျိုးနိုင်သဖြင့် သက်ဆိုင်ရာပြည်နယ်များမှ ပျက်စီးဆုံးရှုံးမှုစာရင်းတင်ပြလာခြင်းမရှိကြောင်းသိရှိရပါသည်။ အိန္ဒိယနိုင်ငံ၌ မိုးလယ်ကာလ ရေကြီးမှုများက ပဲပုတ်၊ ပြောင်း၊ နှံစားပြောင်း၊ ဝါဂွမ်းနှင့် အချို့သော မုတ်သုံရာသီသီးနှံများ ထုတ်လုပ်မှုကိုလျော့ကျစေဖွယ်ရာ ရှိကြောင်း သုံးသပ်ရပါသည်။

**Source: စီးပွားရေးသံမှူး-နယူးဒေလီမြို့**

## တရုတ်နိုင်ငံသို့ ကျွဲနွားအရှင် တရားဝင်ပို့နိုင်ရန်ဆောင်ရွက်မှု ရာခိုင်နှုန်း ၈၀ ကျော်ခန့်ပြီးစီးကာ ကျွဲနွားမွေးမြူတင်ပို့ရောင်းချသည့်အသင်းများအတွက် အကျိုးဖြစ်ထွန်းလာမည်

တရုတ်နိုင်ငံသို့ ကျွဲနွားအရှင် တရားဝင်ပို့နိုင်ရန်ဆောင်ရွက်မှုရာခိုင်နှုန်း ၈၀ ကျော်ခန့်ပြီးစီးကာ ယင်းစာချုပ်အရ ကျွဲနွားမွေးမြူ တင်ပို့ရောင်းချသည့်အသင်းများအတွက် အကျိုးဖြစ်ထွန်းလာမည်ဟု စစ်ကိုင်းတိုင်းဒေသကြီး ကျွဲနွားမွေးမြူတင်ပို့သူများအသင်း ဥက္ကဋ္ဌ ဦးသောင်းခိုင်က ဩဂုတ် ၂၁ ရက်က မြန်မာ တိုင်းမ်နေ့စဉ်သို့ ပြောဆိုသည်။ သူတို့က အချက် ၁၂ ချက်တောင်းဆိုတယ်။ တစ်ချက်လောက်ပဲကျန်တော့တယ်လို့သိရပါတယ်။ ပြီးခဲ့တဲ့ အစည်းအဝေးတုန်းကပြောတာပါ။ ရောဂါကင်းရှင်းကြောင်းမှာကျတော့ အချက်တွေအများကြီးပါနေတယ်။ သူတို့အကြမ်းဖျင်းပြောတာကတော့ အချက် ၁၂ ချက်လောက် တောင်းဆိုတယ်။ ၁၁ ချက်လောက်သဘောတူပြီးပြီ။ တစ်ချက်ကျန်တာက ခြံတည်နေရာတွေကနေ ဥပမာ – ကီလိုမီတာ ၅၀ အကွာအဝေးပတ်ပတ်လည်မှာ ရောဂါကင်းရှင်းတယ်ဆိုတဲ့အကြောင်းပေါ့။ နောက်သယ်ဆောင်တဲ့ လမ်းကြောင်းအတွင်းမှာလည်း ကီလိုမီတာ ၅၀ အတွင်း ရောဂါကင်းရှင်းကြောင်းတွေပါတယ်။ အဓိကကတော့ ရောဂါကင်းရှင်းကြောင်းနဲ့ပတ်သက်တဲ့ စာချုပ်အချက်တစ်ချက်ကျန်နေတယ်။ ရာခိုင်နှုန်းအားဖြင့် ၈၀ ကျော်လောက်ပြီးသွားပြီလို့ ပြောနိုင်ပါတယ်ဟု ၎င်းကပြောဆိုသည်။

ယင်းနှင့်ပတ်သက်ပြီး နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီးဖြစ်ကြောင်း တရားဝင်စာချုပ်ဆိုရန်အတွက် တင်ပို့မည့်ကျွဲနွားများနှင့် ပတ်သက်သည့် ရောဂါကင်းရှင်းကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ အသိအမှတ်ပြုလက်မှတ်

လိုအပ်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ဇွန် ၁၉ ရက်က မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောဆိုခဲ့သည်။

ဒါတွေအဆင်ပြေသွားရင် ကျွန်တော်တို့အတွက် အများကြီးအကျိုးကျေးဇူးရှိနိုင်ပါတယ်။ ဈေးကွက်လည်းငြိမ်မယ်။ သူတို့ဈေးကစားလို့ မရတော့ဘူးပေါ့။ ကျွန်တော်တို့ဘက်ကလည်း ပေးမယ်ဆိုတဲ့ကောင်ရေအတိုင်းပေးနိုင်ရမယ်။ ဥပမာ - စစ်ကိုင်းတိုင်းမှာ ခြံ ၄၀ လောက် ပါမစ်ကျတယ်။ အဲဒါတွေက ကိုယ်အဆင်ပြေရင် အဆင်ပြေသလိုထွက် နေတာ။ တကယ်လို့ စာချုပ်ချုပ်မယ်ဆိုရင်တော့ အဲဒီလိုမရတော့ဘူး။ အသင်းအနေအထားနဲ့ ဥပမာ-မန္တလေးတိုင်းကနေ ပါမစ်ရတဲ့ ခြံ ၂၀ ထွက်မယ် ဆိုရင် စစ်ကိုင်းတိုင်းက ရပ်ထားတာမျိုးပေါ့။ မန္တလေးတိုင်းက ရောင်းချပြီးသွားပြီဆိုရင် စစ်ကိုင်းတို့၊ မကွေးတို့တက်တာမျိုးနဲ့ စနစ်တကျဖြစ်လာမယ်။ အခုစာချုပ်မယ့် အဓိကထွက်မယ့်လမ်းကြောင်းက မူဆယ်လမ်းကြောင်းကနေ ထွက်မှာပါဟု ဦးသ ောင်းခိုင်က ဆက်လက်ပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/127412.html

## ကသာတွင် မျိုးစပါးသန့်စင်စက်ဖြင့် အရည်အသွေးမြင့်မျိုးစေ့များ ဖြန့်ဖြူးမည်



ကသာမြို့နယ်တွင် အလုပ်သမားအခက်အခဲကြောင့် မျိုးစပါးသန့်စင်စက်ဖြင့် အရည်အသွေးမြင့်မျိုးစေ့များ ဖြန့်ဖြူးမည်ဖြစ်ကြောင်း ကသာမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းကပြောသည်။ ကသာမြို့နယ်အတွက် စပါးမျိုးစေ့သန့်စင်စက်ကို ၂၀၁၈-၁၉ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံကျပ်သိန်း ၃၀၀ ဖြင့်ဝယ်ယူရာ ဩဂုတ် ၂၃ ရက်က ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသို့ရောက်လာသည်။ အရင်တုန်းက စိုက်ပျိုးရေးဌာနက မျိုးစပါးတွေ သန့်စင်ထုတ်လုပ်ပေးတဲ့ နေရာမှာ အလုပ်သမားအင်အားမမျှဘူးပေါ့။ အလုပ်သမားအခက်အခဲကြောင့် တောင်သူတွေရဲ့ မျိုးစပါးလိုအပ်ချက်ကို ပြည့်ပြည့်ဝဝမပေးနိုင်ခဲ့ဘူး။ အခုမျိုးသန့်စက်ရောက်လာပြီဆိုတော့ လိုအပ်ချက်တွေကို မြန်မြန်ဆန်ဆန်နဲ့ ဖြည့်ဆည်းပေးနိုင်မယ်လို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရဲ့ပြောကြားချက်အရသိရပါတယ်ဟု ဦးညီညီထွန်းက ပြောသည်။

ယခင်နှစ်များက စိုက်ပျိုးရေးဦးစီးဌာနက ကသာမြို့နယ်နှင့်နီးစပ်ရာမြို့နယ်များသို့ ဆင်းဇေရီစပါးမျိုးစေ့တင်းသုံးထောင်ကျော်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့ကြောင်း ဦးညီညီထွန်းကပြောသည်။ စပါးမျိုးသန့်စင်စက်နှင့်ပတ်သက်၍ ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်မြတ်မိုးထံ ဆက်သွယ်မေးမြန်းရာ အရင်တုန်းက မျိုးသန့်ချင်တယ်ဆိုရင် လူအားနဲ့ပဲ လုပ်ရတော့ အလုပ်မတွင်ကျယ်ဘူး။ အခုစက်နဲ့သန့်စင်တော့ လုပ်သားရှားပါးမှုလည်းသက်သာသွားတယ်။ တောင်သူတွေအနေနဲ့ ဒီစက်မှာလာသန့်စင်လိုက်တာနဲ့ အရည်အသွေးမြင့်စပါးတွေ ထုတ်လုပ်နိုင်တာပေါ့။ ဩဂုတ်၂၃ ရက်မှ စက်စရောက်တာပါ။ လာမယ့်မိုးစပါးရိတ်သိမ်းချိန်မှာ စက်လည်ပတ်မှာပါ။ မိုးစပါးက လာမယ့်နိုဝင်ဘာလလယ်လောက်ဆိုရင် စပေါ်ပါပြီဟုပြောသည်။

လက်ရှိ မျိုးစပါးသန့်စင်စက်နှင့်ပတ်သက်သော အချက်အလက်များ၊ အသုံးပြုထုတ်လုပ်နိုင်မှု ပမာဏအား၊ တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှပေးပို့ထားခြင်းမရှိသေး၍ မျိုးစပါးသန့်စင်စက်၏ ထုတ်လုပ်နိုင်မည့်အခြေအနေကို မပြောနိုင်သေးကြောင်း ဒေါ်ခင်မြတ်မိုးကပြောသည်။ ကျွန်တော်တို့ဒေသက ဆန်အပျော့ကိုကြိုက်ကြတယ်။ ဒါကြောင့် ဆင်းဇေရီ-၃ စိုက်တာများတယ်။ မော်ဘီ-၃ စပါးမျိုးစိုက်တာလည်းရှိတယ်။ ဆင်းဇေရီ-၃ ကတော့ ဝယ်တဲ့သူလည်းများတယ်။ ဈေးကောင်းလည်းရတယ်။ တစ်နှစ်တစ်နှစ် စပါးဈေးမရပါဘူးဆိုရင် တင်းတစ်ရာကို ခြောက်သိန်းဈေးလောက်အထိ ရတယ်ဟု ကသာမြို့နယ်ဒေသခံ စပါးစိုက်တောင်သူတစ်ဦးကပြောသည်။ ကသာမြို့နယ်တွင် နှစ်စဉ်မိုးစပါး စိုက်ပျိုးရာသီ၌ ဆင်းဇေရီ-၃ နှင့် မော်ဘီ-၂ စပါးမျိုးများ စိုက်ပျိုးပြီး စိုက်ကေသုံးသောင်းနှစ်ထောင်ရှစ်ရာခန့် စိုက်ပျိုးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှတ်တမ်းများတွင် ဖော်ပြထားသည်။

**Source:** https://www.7daydaily.com/story/164436

## မကွေးတိုင်းအတွင်း ဆီထွက်သီးနှံမိုးမြေပဲ ဧက ၃၀၀၀ ဂျီအေပီနည်းစနစ်ဖြင့်စိုက်ပျိုးရန် စီစဉ်လျာထား



မကွေးတိုင်းဒေသကြီးအတွင်း ယခုနှစ်မိုးရာသီကာလတွင် ဆီထွက်သီးနှံ မိုးမြေပဲဧက ၃၀၀၀ ကို ဂျီအေပီနည်းစနစ်ဖြင့် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်ဝင်းထံမှသိရသည်။ ယခုနှစ် မိုးရာသီကာလတွင် မိုးမြေပဲ ၂၇၁၀၆၇ ဧက စိုက်ပျိုးရန်လျာထားခဲ့ပြီး ယင်းတို့အနက် စိုက်ဧက ၃၀၀၀ ကို ဂျီအေပီ နည်းစနစ်ဖြင့်စိုက်ပျိုးရန် စီစဉ်လျာထားခြင်းဖြစ်သည်။ မြေပဲသီးနှံဟာ တစ်ဧကမှာ ဆီထွက်ရှိမှု ပိဿာ ၁၀၀ နဲ့အထက်ရရှိတဲ့ ဆီထွက်သီးနှံဖြစ်ပြီး စားသုံးဆီဖူလုံရေးအတွက် စိုက်ဧက ၂၇၁၀၆၇ ဧက စိုက်ပျိုးထုတ်လုပ်မှာဖြစ်ပါတယ်။ မြေပဲစိုက်တောင်သူတွေ မျိုးကောင်း မျိုးသန့်ရရှိရေးအတွက် ၂၀၁၈ ခုနှစ် မိုးရာသီက ဂျီအေပီ စနစ်နဲ့ စိုက်ဧက ၅၀၀ စိုက်ပျိုးခဲ့ပြီး ယခု ၂၀၁၉ ခုနှစ် မိုးရာသီမှာ ဂျီအေပီစနစ်နဲ့စိုက်ဧက ၃၀၀ လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်ဟု တိုင်းဦးစီးမှူး ဦးခင်မောင်ဝင်းကပြောဆိုသည်။

ယခုနှစ် မိုးမြေပဲစိုက်တောင်သူများကို ညွှန်ကြားချက်နှင့်အညီ သီးနှံအထွက်နှုန်းကောင်းစေရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်များ၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများ၊ ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာများကို စနစ်တကျသုံးစွဲနည်းစနစ်များ၊ ပြောင်းလဲလာသည့်ရာသီဥတုအပေါ် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးနည်းစနစ်များကို တောင်သူတွေသိရှိလိုက်နာနိုင်အောင် ပညာပေးလုပ်ငန်းများဆောင်ရွက်ပေးကြောင်းသိရသည်။

**SourceL:** https://myanmar.mmtimes.com/news/127437.html

## ပြည်တွင်းရွှေဈေးတက်လာပြီး ရောင်းသူပိုမိုများပြားလာဟုဆို

ကမ္ဘာ့ရွှေဈေး မြင့်တက်မှုနှင့်အတူ ပြည်တွင်းရွှေဈေး ကွက်တွင်လည်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ်တစ်သောင်းခန့်အထိ ဈေးတက်သည်။ မနေ့က တရုတ်နဲ့အမေရိကန် ကုန်သွယ်ရေးစစ်ပွဲတင်းမာလာတဲ့အတွက် ကမ္ဘာ့ဈေးတက်တယ်။ ကုန်သွယ်ရေးစစ်ပွဲမြင့်တက်လာတော့ ဈေးကတက်လာတယ်ဟု မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်းကပြောသည်။ အခေါက်ရွှေတစ်ကျပ်သားလျှင် အမြင့်ဆုံးနှုန်း ကျပ် ၁၂၃၇၀၀၀ ဖြင့် စံချိန်တင်ထားပြီး ဩဂုတ် ၂၄ ရက်တွင် ကျပ် ၁၂၃၂၅၀၀ ဈေးရှိသည်။

ဩဂုတ် ၂၃ ရက်တွင် ပြည်တွင်းအခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၂၂၂၅၀၀ ရှိပြီး ကမ္ဘာ့ရွှေဈေးတစ်အောင်စလျှင် ၁၄၉၆ ဒေါ်လာရှိသည်။ နည်းနည်းတော့ ဂယက်ရိုက်ဦးမယ်။ ပြည်တွင်းမှာတော့ တော်တော်လေး ဈေးထိန်းချုပ်ထားတယ်ဟု မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူး (စီမံ) ဦးကြည်စိန်က ပြောသည်။ ရွှေဈေးမြင့်တက်လာမှုကြောင့် ဈေးကွက်အတွင်း အရောင်းပိုများလာကြောင်း ပြည်တွင်းရွှေဈေးကွက် ဝယ်ရောင်းလုပ်ကိုင်နေသူများကဆိုသည်။ ရောင်းချင်တဲ့သူများတယ်။ အရင်ရက်ပိုင်းက အနိမ့်ပိုင်းမှာ ဝယ်ထားတဲ့သူတွေများတယ်ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်အသင်းအတွင်းရေးမှူး ဦးဝင်းမြင့်ကပြောသည်။ ရွှေဈေးမြင့်တင်မရောင်းရန်နှင့် လက်ငင်းအရောင်းအဝယ်ပြုလုပ်ရန် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်က ဩဂုတ်ဒုတိယပတ်တွင် ညွှန်ကြားထားသည်။

ညွှန်ကြားချက်များကို လိုက်နာမှုမရှိလျှင် နောက်တစ်ဆင့်အနေဖြင့် ရည်ညွှန်းစာထုတ်ပြန်ပြီး နာယက ဝန်ကြီးဌာနများဖြစ်သည့် စီးပွားကူးသန်း၊ ပြည်ထဲရေးနှင့်သတ္တုတွင်းဝန်ကြီးဌာနများနှင့် ရန်ကုန်တိုင်းအစိုးရအဖွဲ့သို့ အမည်စာရင်းပေးပို့ဆောင်ရွက်မည်ဖြစ်ကြောင်း ရွှေလုပ်ငန်းရှင်များအသင်းချုပ် တာဝန်ရှိသူကပြောကြားထားသည်။

**Source:** https://www.7daydaily.com/story/164528

## ဂုတ်တွင်းတံတားပြန်လည်ဖွင့်လှစ်ပေးနိုင်သဖြင့်မန္တလေးကုန်စည်ဒိုင်တွင် အရောင်းအဝယ်များ ပြန်လည်သွက်လက်စည်ကားလာ

တရုတ်နိုင်ငံသို့ အဓိကကုန်စည်စီးဆင်းရာ မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဂုတ်တွင်းတံတားအား ဩဂုတ် ၂၀ ရက်က ပြန်လည်ဖွင့်လှစ်၍ ကားများဖြတ်သန်းခွင့်ပြုလိုက်သဖြင့် ငါးရက်ကြာအေးစက်ငြိမ်သက်နေသည့် မန္တလေးကုန်စည်ဒိုင်မှ ပြန်လည်အသက်ဝင်လုပ်ရှားကာ အရောင်းအဝယ်များသွက်လက်စည်ကားလာကြောင်း မန္တလေးပဲဈေးကွက်မှသိရသည်။ အဆိုပါ ဂုတ်တွင်းတံတားမှာ ဩဂုတ် ၁၅ ရက်က မိုင်းခွဲခံခဲ့ရသည့်အတွက် လမ်းပန်းဆက်သွယ်ရေး

ပြတ်တောက်မှုမရှိစေရန် ဘောလီတံတားဖြင့်အစားထိုးကာ ငါးရက်အတွင်း အပြီးတည်ဆောက်၍ ဩဂုတ် ၂၀ ရက် မွန်းလွဲပိုင်းက ကားများစတင်ဖြတ်သန်းခွင့်ပြုခဲ့ကြောင်းသိရသည်။ ဂုတ်တွင်းတံတားပေါ်က ကားတွေဖြတ်သန်းခွင့်ပြု လိုက်တဲ့အတွက် ငါးရက်လောက် အရောင်းအဝယ်တွေထိုင်းသွားတဲ့ မန္တလေးကုန်စည်ဒိုင်က ဩဂုတ် ၂၀ ရက်ကစပြီး သက်ဝင်လှုပ်ရှားလာလိုက်တာ ဒီနေ့မှာတော့ ရောင်းသူဝယ်သူအစုံအလင်နဲ့ ပြန်လည်စည်ကားနေပါပြီ။ နယ်က ကုန်ကားတွေလည်း ပုံမှန်ပဲဝင်ရောက်နေပါတယ်။ ဈေးနှုန်းတွေကတော့ အတက်အကျမရှိပေမယ့် တရုတ်နိုင်ငံကို အဓိက တင်ပို့နေတဲ့ ပဲအမျိုးအစားတွေကတော့ အရောင်းအဝယ်ပိုဖြစ်နေကြတယ်။ ဒီလိုလမ်းခရီးအခက်အခဲတွေကြောင့် ကုန်စည် စီးဆင်းမှုရပ်တန့်သွားတဲ့အခါ ကုန်သည်တွေနဲ့တောင်သူတွေမှာ မသိသာပေမယ့် ကုန်တင်ကုန်ချအလုပ်သမားတွေအဖို့ စားဝတ်နေရေးက သိသိသာသာကိုခက်ခဲသွားနိုင်တာပေါ့ဟု မန္တလေးမြို့ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

လက်ရှိမန္တလေးပဲဈေးကွက်တွင် တရုတ်နိုင်ငံသို့ အဓိကတင်ပို့သည့် ပဲအမျိုးအစားများမှာ ဩဂုတ် ၂၂ ရက် ပေါက်ဈေး အရ သုံးတင်းဝင်တစ်အိတ်လျှင် ပဲတီစိမ်းဈေးနှုန်းမှာ ငွေကျပ် တစ်သိန်းနှုန်း၊ ပဲကြီးမှာ ငွေကျပ် ၁၀၅၀၀၀ နှုန်း၊ ပဲယဉ်းမှာ ငွေကျပ် ၇၈၀၀၀ နှုန်း၊ ထောပတ်ပဲမှာ ငွေကျပ် ၁၀၂၀၀၀ နှုန်း၊ ပဲဇီးကွက်မှာ ငွေကျပ် ၅၇၀၀၀ နှုန်း၊ နှမ်းနက်မှာ ငွေကျပ် ၂၆၀၀၀၀ ကျပ်နှုန်း၊ ဂျပန်နှမ်းဖြူမှာ ငွေကျပ် ၁၆၅၀၀၀ ကျပ်နှုန်းနှင့် မြေပဲလုံးဆန်မှာ တစ်ပိဿာလျှင်ငွေကျပ် ၄၁၀၀ ကျပ်နှုန်းများဖြင့် အရောင်းအဝယ်သွက်လျက်ရှိကြောင်းသိရသည်။

**Source:The Mandalay News Journal**

## မြိတ်၌ ပြည်ပတင်ပို့မည့် ကင်းမွန်ခြောက်လုပ်ငန်းများ ဝယ်လိုအားကောင်းပြီးအောင်မြင်လာ

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မှပြည်ပသို့တင်ပို့နေသည့် ကင်းမွန်ခြောက်များမှာ ဝယ်လိုအားကောင်းလာသောကြောင့် ကင်းမွန်ခြောက်လုပ်ငန်းများကို ယခင်ကထက်ပိုမိုလုပ်ဆောင်လာနေကြောင်းသိရသည်။ အဆိုပါကင်းမွန် (ပြည်ကြီးငါး)များကို မာကျူရီမီးလုံးကြီးများထွန်း၍ ခေတ်မီနည်းပညာများသုံးကာ ဖမ်းဆီးလာကြပြီး မီးရောင်ဖြင့်ထောင်ချောက်ဆင်ကာ ကင်းမွန်များစုစည်းမိချိန်တွင် ဝိုင်းချုပ်ဖမ်းဆီးသည့်စနစ်ဖြင့် ဖမ်းဆီးရမိသောကင်းမွန်များကို မြိတ်မြို့ကင်းမွန် အဝယ်ဒိုင်များသို့ လာရောက်ရောင်းချကြသည်။ အခုက နည်းပညာလည်းတိုးတက်လာပြီ၊ လူတွေကလည်း အသိပညာ ကြွယ်လာတဲ့ အခါကျတော့ ပိုပြီးဝင်ငွေတိုးလာကြတာပေါ့။ အခုဆို ပြည်ပအထိတင်ပို့နေတဲ့အခါကျတော့ ကုန်ကြမ်းလည်းများများ လိုလာပြီလေ။ သူတို့လည်း ဝင်ငွေကောင်းမှန်းသိလာတော့ အခုဖမ်းကြတယ်။ လာရောင်းသူလည်းများလာတယ်ဟု ဒေသတွင်း ကင်းမွန်အဝယ်ဒိုင်လုပ်ကိုင်သူ ဦးကျင်ဝှက်ကပြောဆိုသည်။

ကင်းမွန်ခြောက်ပြုလုပ်ရန် ကင်းမွန်ကို ရေပူဖြင့် ၁၅ မိနစ်ခန့်ပြုတ်၍ ရေအေးဖြင့်ပြန်လည်ဆေးကြောကာ နေပူရှိန် ပြင်းပြင်းတွင် သုံးရက်ခန့်နေလှန်းပေးပြီး လုံလောက်သည့်နေပူရှိန်ရရှိပြီးသော ကင်းမွန်များကို အရွယ်အစားသုံးမျိုးခွဲကာ တင်ပို့ရောင်းချကြရသည်။ ကျွန်တော်တို့ကတော့ ကင်းမွန်ဖမ်းလာပြီးတာနဲ့ပဲ လာရောင်းလိုက်တယ်။ အခြောက် ကတော့ သူတို့ပြန်လုပ်တာလေ။ အခုလို မိုးရာသီကတော့ ကျွန်တော်တို့ဖမ်းလို့မရဘူး။ နားထားရတာပေါ့။ ကင်းမွန်ရာသီ ရောက်ရင်တော့ ဝင်ငွေကောင်းတာပေါ့ဟု မြိတ်မြို့ဒေသခံ ကိုကင်းကင်းကပြောဆိုသည်။

မြိတ်မြို့တွင် ကင်းမွန်ဖမ်းခြင်းကို ဆောင်းရာသီနှင့်နွေရာသီတို့၌ အဓိကလုပ်ကိုင်လျက်ရှိပြီး မိုးရာသီတွင် ကင်းမွန် ဖမ်းဆီးခြင်းလုပ်ငန်းများကိုရပ်နားထားကြသည်။ မြိတ်မြို့နယ်မှထွက်ရှိသော ကင်းမွန်ခြောက်များကို နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းဖြင့် တရုတ်နိုင်ငံသို့ အဓိကတင်ပို့ပြီး ပင်လယ်ရေကြောင်းခရီးဖြင့် စင်ကာပူနိုင်ငံသို့ တင်ပို့ရောင်းချကြသည်။ မြိတ်မြို့အတွင်းတွင် ကင်းမွန်ခြောက်လုပ်သည့် စက်ရုံ ၁၀ ရုံခန့်ရှိပြီး ကင်းမွန်များကို မြိတ်ကျွန်းစုအတွင်းရှိ သမီးလှကျွန်းနှင့် ကွမ်းသီးကျွန်းတစ်ဝိုက်တွင် အများဆုံးတွေ့ရပြီး လက်ရှိအချိန်၌ ကင်းမွန်ခြောက်တစ်ဆယ်သားကို မြန်မာငွေကျပ် ၇၀၀၀ ခန့် ရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/127410.html

## မြန်မာ-တရုတ် နယ်စပ်စီးပွားရေးဇုန် အကောင်အထည်ဖော်ရန် အခြေခံသဘောတူညီမှု လက်မှတ်ရေးထိုးမည်

မြန်မာ-တရုတ်နှစ်နိုင်ငံအကြား နယ်စပ်စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုဇုန် အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် Frame Work Agreement သဘောတူညီမှုလက်မှတ်ကို နှစ်နိုင်ငံ လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း ဩဂုတ် ၂၃ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောဆိုသည်။ တရုတ်ဘက်က ပေးပို့ထားတဲ့ Frame Work Agreement ကို သက်ဆိုင်ရာဝန်ကြီး ဌာနတွေရဲ့ သဘောထားမှတ်ချက်တွေ အတိုင်း ပြင်ဆင်ပြီးသွားပြီ။ ပညာရှင်တွေနဲ့လည်းတိုင်ပင်ပြီး ပြင်ဆင်ပြီးသွားပြီ။ တရုတ်ဘက်ကို ပြန်ပို့ဖို့ရှိတယ်။ ပြင်ဆင်ထားတဲ့အပေါ်မှာ လုပ်ထုံးလုပ်နည်းနဲ့အညီ တရုတ်ဘက်ကိုပို့ပေးရမယ်။ ပြီးရင်တော့ ဇုန်နဲ့ပတ်သက်တဲ့အသေးစိတ်ကို

ညှိနှိုင်းမှုတွေထပ်လုပ်သွားမှာပါဟု စီးပွားကူးသန်း ဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောဆိုသည်။

နယ်စပ်စီးပွားရေးဇုန်နှင့်ပတ်သက်၍ နှစ်နိုင်ငံမှတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးရာတွင်လည်း တရုတ်နိုင်ငံဘက်က ပေးပို့ထားသည့် နယ်စပ်စီးပွားရေးဇုန်နှင့်ပတ်သက်သည့် Frame Work Agreement ကို သဘောတူ လက်မှတ်ရေးထိုးရန် အတွက် တရုတ်နိုင်ငံဘက်သို့ပြန်လည်ပေးပို့ရန် တရုတ်ဘက်ကအဆိုပြုထားကြောင်းသိရသည်။ မြန်မာ-တရုတ် နယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်တည်ထောင်ရာတွင် လျာထားသည့်နေရာနှင့်မလွတ်ကင်း၍ မဖြစ်မနေပြောင်းရွှေ့ပေးရ မည့် လူနေအိမ်နှင့်စိုက်ပျိုးမြေများအတွက် သင့်တင့်မျှတသည့် မြေယာလျော်ကြေး အပြင် မြေယာအစားထိုးပေးအပ်နိုင်ရေးကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့က စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောဆိုထားသည်။

ထို့အပြင် နှစ်နိုင်ငံလက်မှတ်ရေးထိုးမည့် Frame Work Agreement တွင် နယ်စပ်စီးပွားရေးဇုန်နှင့်ပတ်သက်သည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကော်မတီဖွဲ့စည်းရေးနှင့် စီမံခန့်ခွဲသည့်လုပ်ငန်းကော်မတီဖွဲ့စည်းရေးစသည့်လုပ်ငန်းစဉ်များ ပါဝင်လာမည်ဖြစ်သည်။ အဆိုပါစီးပွားရေးဇုန်ကို မူဆယ်၊ ရွှေလီနှင့်ကျယ်ခေါင်တို့တွင် ဆောင်ရွက်ရန်အတွက် တရုတ်နိုင်ငံ ဘက်က အဆိုပြုထားပြီး နှစ်နိုင်ငံလက်မှတ်ရေးထိုးပြီးပါက ဆောင်ရွက်မည့်နေရာရွေးချယ်ခြင်းနှင့် စိတ်ဝင်စားမှုအဆိုပြုလွှာ (EOI) ခေါ်ယူခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Source:** https://myanmar.mmtimes.com/news/127434.html

## ရှမ်းပြည်နယ်မြောက်ပိုင်း ပဋိပက္ခများကြောင့် ကုန်သွယ်မှုကြီးမားစွာ ထိခိုက်နေပြီး ယခင်တစ်ရက်ပျမ်းမျှ ဒေါ်လာ ခြောက်သန်းခန့်ကုန်သွယ်နေသည့် မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းတွင် ဒေါ်လာခုနစ်သိန်းခန့်သာ ကုန်သွယ်နိုင်ပြီး ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်း၌ ကုန်သွယ်မှုရပ်ဆိုင်းနေ

ရှမ်းပြည်နယ်မြောက်ပိုင်းပဋိပက္ခများကြောင့် ကုန်သွယ်မှုကြီးမားစွာ ထိခိုက်နေပြီး ယခင်တစ်ရက်ပျမ်းမျှ ဒေါ်လာ ခြောက်သန်းခန့် ကုန်သွယ်မှုပြုနေသည့် မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းတွင် ဒေါ်လာခုနစ်သိန်းခန့်သာ ကုန်သွယ်နိုင်ပြီး ချင်းရွှေဟော်နယ်စပ် ကုန်သွယ်ရေးစခန်း၌ ကုန်သွယ်မှု ၏ရပ်ဆိုင်းနေကြောင်း စီးပွားရေးနှင့် ၏ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဩဂုတ် ၂၄ ရက်တွင် ပြောကြား ၏သည်။ ရှမ်းပြည်မြောက်ပိုင်းမှာ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေကိုကြည့်မယ်ဆိုရင် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးဇုန်ပါ ပြတ်တောက် သွားတဲ့ အနေအထားရှိနေပါတယ်။ ပြတ်တောက်သွားတဲ့အတွက်ကြောင့် ပြည်သူတွေလည်းထိခိုက်မှုရှိပါတယ်။ မဖြစ်ခင် ကာလနဲ့ လောလောဆယ်နားနေရတဲ့ အထူးသဖြင့် ဒီနေ့အထိ ကုန်သွယ်မှုဟာ လားရှိုးနဲ့ မူဆယ်၊ ချင်းရွှေဟော်မှာ ကုန်သွယ်မှု အခုထိမပို့နိုင်ပါဘူး။ ဒါကြောင့် မူဆယ်ကုန်သွယ်ရေးဇုန် ၁၀၅ မိုင်မှာ၊ ချင်းရွှေဟော်မှာ မဖြစ်ခင်ကာလမှာဆိုရင် တစ်ရက်ကို ပျမ်းမျှဒေါ်လာခြောက်သန်း ဖိုးလောက် ဆောင်ရွက်နိုင်ပါတယ်။ ၁၅ ရက်နေ့ကစပြီး တိုက်ပွဲဖြစ်ပွားခဲ့ပြီး အဲဒီနေ့မှာ ကုန်သွယ်မှုက ဒေါ်လာငါးသန်းပါ။ ဒါက မူဆယ်နဲ့ ကုန်သွယ်မှုကို ပြောတာပါ။ ၁၉ ရက်နေ့မှာဆို ကုန်သွယ်မှုပမာဏဟာဆိုရင် မဖြစ်ခင် ၁၅ ရက်က ဒေါ်လာ ငါးသန်းကနေပြီး ၁၉ ရက်မှာ နေ့စဉ်ဒေါ်လာခုနစ်သိန်းလောက်ပဲရှိပါတယ်။ ဆောင်ရွက် နိုင်ပါတယ်။ ပြောမယ်ဆိုရင် တန်ဖိုးအရ သွင်းကုန်၊ ထုတ်ကုန်ကြီးမားစွာထိခိုက်ပါတယ်။ ချင်းရွှေဟော်ကို ကြည့်မယ် ဆိုရင်လည်းမဖြစ်ခင် တစ်ရက်ကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်း၊ ၁ ဒသမ ၃ သန်းနီးပါးလောက် နေ့စဉ်ဆောင်ရွက် နေရာကစပြီး ၁၅ ရက်နေ့မှာဆို ငါးသိန်းလောက်ပဲ ဆောင်ရွက်နေပါတယ်။ ၁၆ ရက်မှာဆို ဒေါ်လာသုံးသိန်းကျော်ပဲ ဆောင်ရွက်နိုင်ပါတယ်။ ၁၇ ရက်မှာဆို ချင်းရွှေဟော် ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုမပြုနိုင်တာ ယနေ့အထိပဲဖြစ်ပါတယ်ဟု ဒေါက်တာသန်းမြင့်ကပြောကြားသည်။

မူဆယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှာ နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် အကြီးဆုံးဖြစ်ပြီး လက်ရှိတိုက်ပွဲများကြောင့် ကုန်သွယ်ရေး လုပ်ငန်းများသာမကာ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းတံတားများပျက်စီးမှု၊ ပြည်သူများထိခိုက် နစ်နာမှုရှိနေသည့်အပြင် ကုန်သွယ်မှုနှင့်ဆက်စပ်နေသည့် အလုပ်အကိုင်အားလုံးမှာလည်း ရပ်ထားရသဖြင့် အဆိုပါ လုပ်ငန်းများထိခိုက်သည့်အပြင် အဆိုပါလမ်းပိုင်းမှာ မန္တလေးနှင့်ချိတ်ဆက်နေသဖြင့် စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ခရီးသွားများပါ အသွားအလာရပ်ဆိုင်းနေရသဖြင့် စီးပွားရေး၊ လူမှုရေးအားလုံးပါထိခိုက်ရကြောင်း ဒေါက်တာသန်းမြင့်က ဆိုသည်။ ထို့ပြင် ပြည်တွင်းအထည်ချုပ်လုပ်ငန်းများမှာလည်း အဆိုပါနယ်စပ်မှ ကုန်ကြမ်းတင်သွင်း၍ ပြည်ပသို့ တင်ပို့ နေရခြင်းဖြစ်သည့်အတွက် အထည်ချုပ်ကဏ္ဍမှ ပြည်သူများ၊ အမျိုးသမီးများမထိခိုက်စေရေးအတွက် ပြည်ထောင်စု အစိုးရ အဖွဲ့နှင့်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြား သည်။ နယ်စပ်ကုန်သွယ်ရေးကိစ္စအဆင်ပြေစေဖို့အတွက် ပြည်ထောင်စုအစိုးရနဲ့ ပေါင်းစပ်ဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်။

ဒါကတော့ တနင်္သာရီ၊ မွန်၊ ကရင်မှာ အခုဖြစ်ပေါ်နေတဲ့ရေဘေးကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲ ဖြစ်ပေါ်နေတဲ့ ကိစ္စတစ်ခုရှိပါတယ်။ နောက်တစ်ချက်ကတော့ မြောက်ပိုင်းမှာဖြစ်ပေါ်နေတဲ့ မူဆယ်၊ လားရှိုး၊ မန္တလေး လမ်းကြောင်းမှာ ဖြစ်ပေါ်နေတဲ့ စစ်ရေးကိစ္စရပ်တွေရှိပါတယ်။ ဒီအခြေအနေတွေအတွက် စီးဆင်းမှုတွေရဲ့ဆုံချက်ဟာ ရန်ကုန်မြို့မှာဖြစ်ပါတယ်။ ရန်ကုန်ကနေမှတစ်ဆင့် ကုန်ကြမ်းတွေတင်သွင်းလာတယ်။ ရန်ကုန်မှာ ကုန်ချောထုတ်လုပ်ပြီး ရေကြောင်းလမ်းကနေ ပြည်ပကိုထွက်ခွာသွားတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီလုပ်ငန်းစဉ်တွေအဆင်ပြေဖို့အတွက် ပြည်ထောင်စုအစိုးရရဲ့ ဆက်လက်ပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဓိက ကျွန်တော်တို့ရန်ကုန်မှာကြုံနေရတာက အထည်ချုပ်လုပ်ငန်းတွေဖြစ်ပါတယ်။ အထည်ချုပ်လုပ်ငန်းတွေက ကုန်ကြမ်းကို နယ်စပ်ကုန်သွယ်ရေးကနေ တရားဝင်တင်သွင်းလာပြီး ထုတ်လုပ်ပြီးတော့ နိုင်ငံတကာကို ရေကြောင်းကနေ ထွက်ခွာသွားတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီကဏ္ဍစဉ်ဆက်မပြတ် ရှင်သန်ဖွံ့ဖြိုးနိုင်ဖို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီအပေါ်မှာမှီခိုနေတဲ့ အခြေခံပြည်သူတွေ၊ အမျိုးသမီးတွေ အထည်ချုပ်လုပ်ငန်းမှာပါဝင်နေတဲ့ သူတွေရပ်တည်နိုင်ဖို့ အခန်းကဏ္ဍနဲ့ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်သွားမယ်ဆိုတာ ပြောလိုပါတယ်။ ပြည်ထောင်စုအစိုးရကိုယ်တိုင်က ဒီအခြေအနေအတွက် ဆောင်ရွက်ပေးနိုင်တာရှိပါတယ်။ ဒီအတွက် ပြည်ထောင်စုအစိုးရဘက်က နိုင်ငံတော်လုံခြုံရေးနဲ့ယှဉ်တွဲပြီးတော့ ဒီကိစ္စတွေကို ဆက်လက်ဆောင်ရွက်နေတယ်ဆိုတာ ကျွန်တော်ကြားနေရပါတယ်ဟု ဦးဖြိုးမင်းသိန်းကဆိုသည်။

**Source:** https://news-eleven.com/article/130353

## စားအုန်းဆီဈေးနှုန်း ငါးလအကြာ ဈေးနှုန်းအမြင့်သို့ ပြန်လည်ရောက်ရှိ

မိုးရွာသွန်းမှုများနေသော ဩဂုတ်လ ဒုတိယပတ်အတွင်း ရန်ကုန်ဈေးကွက်၌ စားအုန်းဆီနှင့်ထန်းလျက်ဈေးနှုန်းများ မြင့်တက်မှုများလာသည်။ ပြည်ပစားအုန်းဆီတစ်တန် ဒေါ်လာ ၅၄၀၊ ငွေလဲနှုန်း ၁၅၁၃ ကျပ်၊ တစ်ပိဿာ ဆိပ်ကမ်းရောက် အရင်းဈေး ၁၅၂၇ ကျပ်ရှိပြီး ရန်ကုန်ဈေးကွက်ရောင်းဈေးမှာ တစ်ပိဿာ ၁၅၄၅ ကျပ်နှုန်းသို့ ဈေးနှုန်း အတက်ကြမ်းလာသည်။ ဩဂုတ်လ ၂ ရက်တွင် ဆီထုတ်ယူခွင့်စာရွက် လက်ကားတစ်ပိဿာ ကျပ် ၁၄၅၀ နှုန်းရှိရာမှ ၁၁ ရက်ကြာ ဩဂုတ်လ ၁၃ ရက်တွင် ကျပ် ၁၅၅၀ သို့ဈေးနှုန်းတက်လာသည်။ ပြည်ပဈေးတစ်တန် ၂၅ ဒေါ်လာ မြင့်တက်လာသည်။ မတ်လ ၁၃ ရက်တွင် ပြည်ပစားအုန်းဆီ တစ်တန် ဒေါ်လာ၅၄၀၊ ငွေလဲနှုန်း ၁၅၂၃ ကျပ်၊ တစ်ပိဿာအရင်းဈေး ၁၅၅၅ ကျပ် D.O ရောင်းဈေး ကျပ် ၁၅၀၀ နှုန်းသာရှိခဲ့သည်။

ဇူလိုင်လ ၁၂ ရက်တွင် ပြည်ပ တစ်တန်ဈေး ၄၉၅ ဒေါ်လာ၊ ငွေလဲနှုန်း ၁၅၁၁ ကျပ်၊ အရင်းဈေး တစ်ပိဿာ ၁၄၀၅ ကျပ်၊ D.O ရောင်းဈေး ၁၄၀၅ ကျပ်သာရှိခဲ့သည်။ ပြည်ပ စားအုန်းဆီ ဈေးနိမ့်ချိန် ဇွန်လအတွင်း ပြည်ပက စားအုန်းဆီ တင်သွင်းမှုတန်ချိန် ၄၂၀၀၀ ဝန်းကျင်သာရှိပြီးပြည်ပဈေးနှုန်း စတင်မြင့်တက်စပြုလာသော ဇူလိုင်လတွင်မှ စားအုန်းဆီ တန်ချိန်၁၀၄၀၀၀ ကျော်၊ ဩဂုတ်လဆန်းတွင်မူ တန်ချိန်၆၀၀၀၀ ဝန်းကျင် တင်သွင်းရန် စားအုန်းဆီ အသင်းမှ ထောက်ခံချက်ထုတ်ယူခဲ့သည်ဟုသိရသည်။

ပြည်ပစားအုန်းဆီ ဈေးနှုန်းသည်ငါးလတာအတွင်း တစ်တန်ဒေါ်လာ ၅၄၀ နှုန်းသို့ ပြန်လည်ရောက်ရှိလာသည်။ မတ်လထက် ဩဂုတ်လတွင် ငွေလဲနှုန်းနိမ့်နေ၍ အရင်းဈေးနှုန်းသည် မတ်လတွင် ဩဂုတ်လထက်မြင့်နေသော်လည်း ရန်ကုန်ဆီဈေးကွက်တွင်ရောင်းဈေးမှာ မတ်လထက် ဩဂုတ်လတွင်မြင့်နေသည်ဟု ဆီဈေးကွက်မှသိရသည်။

**မြန်မာတောင်သူကြီးများ ဂျာနယ်**

**Source:** https://www.facebook.com/htwettoe/posts/1964625593639445?__tn__=K-R

## ရန်ကုန်မှမူဆယ်သို့ အတက်ကားမရှိသော်လည်း မူဆယ်၌ကုန်တင်ရန် မန္တလေးမှ ကုန်မပါသည့်ယာဉ်များ သွားရောက်မှုရှိနေ

ရန်ကုန်မှမူဆယ်သို့ ကုန်တင်ယာဉ်အတက်ကားမရှိသော်လည်း မူဆယ်၌ကုန်တင်ရန် မန္တလေးမှကုန်မပါသည့် ယာဉ်များသွားရောက်မှုရှိနေကြောင်း မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဦးကျင်သိန်း၏ ပြောဆိုချက်အရသိရသည်။ မူဆယ်ကို ရန်ကုန်က အတက်ကားတော့မရှိဘူး။ မန္တလေးကတော့ မူဆယ် အဆင်း လမ်းကြောင်းဆိုရင် ကားခကောင်းတော့ တွဲကားတွေက ကုန်မပါဘဲ အလွတ်ပဲသွားကြတယ်ဟု ဦးကျင်သိန်းကပြောသည်။ အဆိုပါလမ်းကြောင်း၌ ဂုတ်တွင်းတံတားဖြစ်စဉ်ကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ခဲ့စဉ်က ရေထွက်ကုန်များကို စွန့်ပစ်ရသည်အထိတွေ့ကြုံခဲ့ရပြီး လတ်တလောတွင် ကုန်သည်များကလည်း ပြန်လည်တင်ပို့ရန် စောင့်ကြည့်နေကြဆဲ ဖြစ်ကြောင်းသိရသည်။ နောက်ပိုင်းလမ်းကြောင်းမကောင်းတော့ ကုန်သည်တွေကလည်းမတင်တော့ဘူး။ လမ်းမှာ

တစ်ခုခုဖြစ်ရင် ကားသမားလည်း တန်ဆာခတောင်းရတာ အခက်အခဲဖြစ်သလို ကုန်သည်လည်း အရင်းအနှီးဆုံးရှုံးတာပေါ့ဟု ဦးကျင်သိန်းကပြောသည်။

လတ်တလောတွင် မူဆယ်ဘက်မှ အဆင်းကားတစ်ရက်လျှင် အစီးရေ ၂၀၀ ခန့်ရှိကာ မူဆယ်နယ်စပ် ကုန်သွယ်ရေးစခန်းသို့ ပြီးခဲ့သည့်ခြောက်လခန့်ကပင် ကုန်တင်ပို့မှုနည်းပါးလာပြီး ယခုရက်ပိုင်းအတွင်း ရန်ကုန်- မူဆယ် တိုက်ရိုက်သွားသည့်ကား မရှိသလောက်ရှားနေကြောင်းသိရသည်။ တခြားလိုင်းတွေကလည်း ပုံမှန်ထက်လျော့သွားတယ်။ ဒါပေမဲ့ ပွင့်လင်းရာသီဆိုရင် ပြန်လည်ကောင်းမွန်လာမှာပါဟု ဦးကျင်သိန်းကပြောသည်။

**Source:** http://myawady.net.mm/index.php/news/localnews/item/49134-2019-08-26-09-23-31

## ထိုင်းစီးပွားရေး ၅ နှစ်နီးပါးအတွင်း အနှေးကွေးဆုံးအရှိန်ဖြင့်တိုးတက်

ပြီးခဲ့တဲ့ ဇွန်လမှာကုန်ဆုံးခဲ့တဲ့ သုံးလအတွင်း ထိုင်းနိုင်ငံရဲ့စီးပွားရေးဟာ ၂၀၁၄ နောက်ပိုင်း အနှေးကွေးဆုံးသောနှုန်းထားအရှိန်နဲ့ တိုးတက်ခဲ့ကြောင်းသိရပါတယ်။ ယင်းအတွက်ကြောင့် လက်ရှိမှာတော့ အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲနဲ့ ဘတ်ငွေတန်ဖိုးအားကောင်းမှုတို့က အရှေ့တောင်အာရှရဲ့ ဒုတိယအကြီးဆုံး စီးပွားရေးအပေါ် ထိခိုက်ထားစေပြီဖြစ်ကြောင်းသိရပါတယ်။

ပြီးခဲ့တဲ့ သုံးလပတ်အတွင်း နိုင်ငံရဲ့ဂျီဒီပီဟာ ယခင်နှစ်အလားတူ သုံးလပတ်နဲ့ယှဉ်ပါက ၂ ဒသမ ၃ ရာခိုင်နှုန်းအရှိန်တစ်ခုနဲ့ တိုးတက်ခဲ့ကြောင်း ထိုင်းအစိုးရက ထုတ်ပြန်ပါတယ်။ ယင်းဟာ လွန်ခဲ့တဲ့ ၂၀၁၄ တတိယသုံးလပတ်နောက်ပိုင်း အနှေးကွေးဆုံးနှုန်းထားလည်းဖြစ်ခဲ့ပါတယ်။ ဒါဟာ နိုင်ငံဂျီဒီပီအတွက် အဓိကထောက်ကူနေတဲ့ ပို့ကုန်ကဏ္ဍမှာ နှေးကွေးကျဆင်းခဲ့ခြင်းကြောင့် ခုလိုအားနည်းသွားတာဖြစ်ကြောင်းသိရပါတယ်။

**Source:** https://asia.nikkei.com/.../Thailand-s-economy-expands-at-slo...

SFJ Strategy First Journal

## ပြည်ပဈေးကွက် အလားအလာရှိသည့် မက္ကဒေးမီးယားဈေးကွက် ပိုမိုတွင်ကျယ်စေရန် နိုင်ငံအဆင့် အသင်းဖွဲ့စည်းမည်



ပြည်ပဈေးကွက်အလားအလာရှိသည့် မက္ကဒေးမီးယားဈေးကွက် ပိုမိုတွင်ကျယ်စေရန် နိုင်ငံအဆင့် မြန်မာနိုင်ငံ မက္ကဒေးမီးယားအသင်းအားဖွဲ့စည်းမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသစ်သီးဂဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFVP) မှ သိရသည်။ ယင်းသို့ဖွဲ့စည်းနိုင်ရန်အတွက် ဩဂုတ်လ၊ ၁၈ ရက်နေ့က ပြင်ဦးလွင်မြို့နယ်ရှိ ပြင်ဦးလွင်စင်တာတွင် ကျင်းပပြုလုပ်ခဲ့သည့် MFVP အသင်းနှင့် မက္ကဒေးမီးယားအစုအဖွဲ့တို့ တွေ့ဆုံဆွေးနွေးကာ နိုင်ငံအဆင့်အသင်းဖွဲ့စည်းနိုင်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ကျွန်တော်တို့အသင်းရဲ့ ဖွဲ့စည်းပုံစည်းမျဉ်းအရ တိုင်းနဲ့ပြည်နယ် ၃ ခုမှာ အစုအဖွဲ့ရှိရင် နိုင်ငံတော်အဆင့်ဖွဲ့လို့ရတယ်။ ဒါကြောင့် မြန်မာနိုင်ငံ မက္ကဒေးမီးယားအသင်းကို မကြာခင်မှာဖွဲ့စည်းသွားဖို့ရှိပါတယ်ဟု MFVP ၏ ဥက္ကဌ ဦးစိုးသန်းမင်းဒင်ကပြောသည်။

လက်ရှိတွင် မက္ကဒေးမီးယား စိုက်ပျိုးထုတ်လုပ်သူအစုအဖွဲ့များအနေဖြင့် ပြင်ဦးလွင်မြို့နယ်၊ ရှမ်းပြည်နယ် ၊ ကချင်ပြည်နယ်တို့တွင် ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ နိုင်ငံအဆင့်အသင်းကို လာမည့်စက်တင်ဘာလ၊ ၂၇ ရက်နေ့၌ ပြင်ဦးလွင်မြို့နယ်တွင် ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ မက္ကဒေးမီးယားက တရုတ်ပြည်ဈေးကွက် ဝယ်လိုအားကြီးတယ်။ နောက်တစ်ခုက တောင်ပေါ်ဒေသတွေမှာ စိုက်ပျိုးဖြစ်ထွန်းလွယ်တယ်။ ပိုးမွှားအန္တရာယ်ကျရောက်မှုနည်းတယ်။ ထိန်းသိမ်းစောင့်ရှောက်ရတာနည်းတယ်။ နောက်တစ်ခုက အသီးကြွေမှုနှုးရတဲ့အခါကျတော့ သိမ်ပြီး အလုပ်မရှုပ်ဘူး။ တစ်ခုရှိတာက ရှဉ့်နဲ့ကြွက်တွေက ဖျက်ဆီးတာတော့ရှိတယ်။ အားသာချက်က သရက်၊ ထောပတ်တို့လိုမျိုး ချက်ချင်းခူး၊ ချက်ချင်းပို့ရတာမျိုး လုပ်စရာမလိုပဲအထားခံတယ်ဟု ဦးစိုးသန်းမင်းဒင်က ဆက်လက်ပြောသည်။ အသင်းဖွဲ့စည်းပြီးပါက နိုင်ငံတကာမှအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့်ချိတ်ဆက်၍ နည်းပညာ၊ ဈေးကွက်အခွင့်အလမ်း

စသည်တို့ကိုဖြည့်ဆည်းကာ မက္ကဒေးမီးယားစိုက်ပျိုးထုတ်လုပ်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ဆောင်သွားနိုင်မည်ဖြစ်ပြီး၊ လက်ရှိတွင် မက္ကဒေးမီးယားတစ်တန်လျှင် ကျပ်သိန်း ၇၀ ထိ ပေါက်ဈေးရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2398500596902089?__tn__=K-R

## STOCK EXCHANGE (26.8.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 26th Aug. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | -500 | -4.17% | 11,500 | 12,000 | 11,500 | 1,171 | 13,517,000 | 27,112,747 | 311,797 |
| MTSH | 00002 | 4,000 | -100 | -2.44% | 4,000 | 4,100 | 4,000 | 2,034 | 8,194,100 | 38,929,150 | 155,717 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 0 | 0 | 10,400,986 | 87,368 |
| FPB | 00004 | 25,000 | +0 | +0.00% | 25,500 | 25,500 | 25,000 | 232 | 5,816,000 | 2,472,053 | 61,801 |
| TMH | 00005 | 3,000 | -100 | -3.23% | 3,050 | 3,050 | 3,000 | 845 | 2,535,750 | 12,823,224 | 38,470 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 478.45 | -13.68 | -2.78% | 478.92 | 492.10 | 478.45 | 4,282 | 30,062,850 | 5 | 655,153 |

**Index chart**




## Market Overview

As of 1:00 pm, 26th Aug. 2019

| MYANPIX | 478.45 ▼ 13.68 |
|---|---|
| Total Volume (shares) | 4,282 |
| Total Value (MMK) | 30 mil |
| Listed Company | 5 |
| Market Cap. (MMK) | 655,153 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▼ 500 |
| MTSH | 00002 | 4,000 | ▼ 100 |
| MCB | 00003 | 8,400 | 0 |
| FPB | 00004 | 25,000 | 0 |
| TMH | 00005 | 3,000 | ▼ 100 |